ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ စနေနေ့ (17-3-2012) (၇၀၆၇)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံများသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်သည်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SAYARATH လည်း တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ဆောင်ရွက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း ပို့ဆောင်ရေးအထောက်အကူပြုလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (ယာပုံ)နှင့် **နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**(အောက်ပုံ)

(သတင်းစဉ်)



ယနေ့ သတင်းအညွှန်း

**အခွန်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများ ထုတ်ပြန်** — ပြည်တွင်းသတင်း စာမျက်နှာ ၉

**အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် မတ် ၁၉ ရက်တွင် ရောင်းချမည်** — ပြည်တွင်းသတင်း စာမျက်နှာ ၂

**ကျောပိုးအိတ်ဖြင့် စာအုပ်များပြားစွာလွယ်ပါက ကလေးများ နောက်ကျောဝေဒနာဖြစ်နိုင်** — အင်တာနက်ကျန်းမာရေးသတင်း စာမျက်နှာ ၆

**မြန်မာ - အိန္ဒိယ ချစ်ကြည်ရေး ကားမောင်းခရီးစဉ် ယာဉ်တန်းအား တာလွှတ်** — ပြည်တွင်းသတင်း စာမျက်နှာ ၈



ကြေးမုံစာတည်းရှုထောင့် ၁၇-၃-၂၀၁၂(စနေနေ့)။

# အနုသယကိလေသာကို အားမပေးမိဖို့

မျက်မှောက်ကာလ စိတ်ပညာသဘောတရားအရ လည်းကောင်း၊ ဘာသာတရား အဆုံးအမအရ လည်းကောင်း ဆက်စပ်တွေးခေါ်ကြည့်လျှင် အကျင့်စာရိတ္တပြောင်းလဲလာပုံကို ကျွန်ုပ်တို့သာလွန်နားလည်လာပါလိမ့်မည်။ အဆိုပါသဘောတရားများအရ လူတို့၏ အဇ္ဈတ္တအတွင်းသန္တာန်၌ စိတ်ယုတ်၊ စိတ်ညံ့များ အမြဲကိန်းဝပ်လျက်ရှိသည်။ ပုထုဇဉ်တို့၌ ဒုစရိုက်မျိုးစေ့များ အမြဲပါရှိသည်ဟု အဆိုရှိသဖြင့် ထိုမူလစိတ်ယုတ်၊ စိတ်ညံ့များကို ကျွန်ုပ်တို့ မည်သို့ အကြွင်းမဲ့ပယ်သတ်နိုင်အံ့ပါမည်နည်း။

ရှေးကာလက အနောက်နိုင်ငံကြီးတစ်နိုင်ငံသည် မသိနားမလည်သေးသော အချိန်ကာလက စိတ်ယုတ်၊ စိတ်ရိုင်းများနောက်သို့ လိုက်ပါခဲ့သည်။ ပညာဗဟုသုတပြည့်ဝသော အချိန်ကာလဝယ် စိတ်ယုတ်၊ စိတ်ရိုင်းများကို လုံးဝမပယ်သတ်နိုင်သော်လည်း နှိပ်ကွပ်ထားနိုင်ခဲ့သည်။ ထိုနိုင်ငံတို့မှာ ယဉ်ကျေးမှုအရ ကာမဂုဏ်အာရုံများပြားသည်မှာ အမှန်။ သို့သော် သူ့နိုင်ငံသူ့သဘာဝအရ မဆန်းကြယ်သကဲ့သို့ ကာမဂုဏ်၌ ပါးလျားကြသည်ကို မြင်ဖူး၊ တွေ့ဖူးကြမည်ဖြစ်သည်။ သုတေသနပြုချက်များအရ ကာမရာဂ ပါးလျားလေ လူမှုအဆင့်အတန်းမြင့်မားလေဟုဆိုထားရာ ထိုထိုနိုင်ငံများသည် ယဉ်ကျေးမှုအဆင့်အတန်း တစ်နေ့ထက်တစ်နေ့ မြင့်မားလာကြလေသည်။ ထို့ကြောင့် ထိုပုံပမာကိုပြု၍ ကာမဂုဏ်ပါးလျားအောင် နှိပ်ကွပ်ထားဖို့လိုမည်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံအဖို့မှာမူ မူလကတည်းက ဟီရိဩတ္တပ္ပတရားနှင့်အညီ နေထိုင်ကြသော နိုင်ငံဖြစ်ပေသည်။အနောက်နိုင်ငံများကဲ့သို့ ရေမြေသဘာဝ လည်းမတူ၊ ဘာသာတရားနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံလည်း ကွဲပြားခြားနားသော နိုင်ငံဖြစ်ပေရာ ကာမဂုဏ်နှင့်ပတ်သက်၍မူ ဝေးစွာရှောင်ကြဉ်ခဲ့ကြပေသည်။ သို့ရာတွင်မူ မျက်မှောက်ကာလ၌ ကာမဂုဏ်အာရုံကို လှစ်ဟပြသော ပြကွင်းပြကွက်များမှာ ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းဝယ် ပေါ်ပေါ်ထင်ထင် ဝင်ရောက်နေရာယူလာကြသည်ကို အများပြည်သူတို့ တွေ့မြင်ကြရမည်ဖြစ်သည်။

ထိုပြကွက်များမှာ လူငယ်လူရွယ်တို့အတွက် စွဲမက်ဖွယ်ဖြစ်စေခဲ့ပါသည်။ ထိုအခါ လူငယ်တို့၏အနာဂတ်သည် မည်သို့ဖြစ်လာမည်နည်း။ နိုင်ငံ၏ ယဉ်ကျေးမှုသည် မည်သို့ဖြစ်လာမည်နည်း။ လူငယ်တို့၏ အကျင့်စာရိတ္တများ မည်သို့ဖြစ်လာမည်နည်း။ ထိုမေးခွန်းများစွာသည် နိုင်ငံနှင့်လူမျိုးအတွက်လော၊ မိမိအကျိုးစီးပွားအတွက်လောဟု ဆန်းစစ်သုံးသပ်ကြဖို့ လိုမည်ဖြစ်ပါသည်။

ပြည်သူလူထုကို ဖျော်ဖြေမှုပြုရာတွင် လွတ်လပ်စွာဖော်ပြလျက်ရှိကြရာ ခေတ်စနစ်နှင့်ကိုက်ညီပါသည်။ သို့ရာတွင် မိမိအကျိုးစီးပွားတစ်ခုတည်းအတွက်နှင့် ကိုယ်ကျင့်သိက္ခာကို အသုံးမချသင့်ပေ။ လူငယ်ထုအတွက် စံနမူနာပြသည် အထိရောက်ဆုံးလက်နက်ဖြစ်ပေရာ ခေတ်အမြင်ဆန်းသစ်ခြင်းကို ကိုယ်ကျင့်တရားမဏ္ဍိုင်ဖြင့် တည့်မတ်ထိန်းကျောင်းသင့်ပေသည်။ ယနေ့တွေ့မြင်နေရသော မြင်ကွင်းများမှာမူ တစ်နေ့ထက်တစ်နေ့ မြင်ကွင်းပို၍ ကျယ်ပြန့်လာပေသည်။

ဒီမိုကရေစီနိုင်ငံသစ်ဆီသို့တက်လှမ်းရာတွင် လူတိုင်းလူတိုင်း စည်းကမ်းပြည့်ဝဖို့ ဦးစွာ ကြိုးပမ်းကြရပါမည်။ စည်းကမ်းပြည့်ဝဖို့အတွက် ကိုယ်ကျင့်တရားမဏ္ဍိုင်ကို ပြန်လည်ထူထောင်ရပါမည်။ ကိုယ်ကျင့်တရားများ ခိုင်ကျည်ရန်အတွက် လူတိုင်းလူတိုင်းအား သဘောတရားများ ဟောပြောနေရုံဖြင့်လည်းမရပါ၊ လူတိုင်းလူတိုင်းအား လိုက်နာကြပါဟု ဆော်ဩနေရုံဖြင့်လည်း ခရီးမတွင်ပါ။ ခရီးတွင်သည်မှာ လူတိုင်းလူတိုင်း နားလည်ထားသော၊ သိလွယ်ထားသော ရှေ့ဆောင်ပြယုဂ်များက လူတိုင်းလူတိုင်းတွင် ကိန်းဝပ်နေသော အနုသယကိလေသာကို အားမပေးမိဖို့သာ လိုရင်းဖြစ်မည်ဟု ရှုမြင်ပါသည်။ ။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# မြန်မာ-လာအို ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လာအိုနိုင်ငံကိုယ်စား ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကြောင့် နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်ကမ်းရှိ ကျိုင်းလတ်နှင့် လာအိုနိုင်ငံဘက်ကမ်းရှိ ဇင်းကုတ်တို့အကြား ဆက်သွယ်တည်ဆောက်မည့် မဲခေါင်မြစ်ကူးတံတားသည် နှစ်နိုင်ငံလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ပါကြောင်း၊ မဲခေါင်မြစ်ကူးတံတားပြီးစီးသွားပါက နှစ်နိုင်ငံကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena က မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သည့် တံတားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လေ့လာရေးသွားရောက်မည့် လိန်းလီကြိုးတံတားနှင့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်မှုမှတ်တမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဲခေါင်မြစ်ကူးတံတား တည်ဆောက်မည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၃-၂၀၁၂ (စနေနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | မြန်မာစာမြန်မာစကား(အပိုင်း-၉) |
| ၁၁း၂၅ | ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၉) |
| ၁၂း၀၀ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နွေဦးလေပွေ (ကျော်ကျော်၊ ချစ်သုဝေနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-နေပိုင်)** |
| ၂း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၈)** |
| ၄း၁၅ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄း၅၀ | ကုန်သွယ်သုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | စားဖိုဆောင်ချစ်သူ |
| ၆း၄၀ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၅)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံရေးပါတီများဟောပြောချက် -ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) -ဒီမိုကရက်တစ်ပါတီ(မြန်မာ) (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် လူ့ရွှင်တော်စတား **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်(အပိုင်း-၆) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရုဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၁၀)** |

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၃ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၃၄၉ | ၀. ၀၃၂၅၄ |
| တရုတ် (ယွမ်) | ၆. ၃၂၃၆၉ | ၀. ၁၅၈၁၄ |
| အိန္ဒိယ (ရူပီး) | ၅၀. ၁၈၅၀ | ၀. ၀၁၉၉၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၈၇၈ | ၀. ၃၂၆၉၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၉၃၁ | ၀. ၇၉၄၀၉ |
| ဂျပန် (ယန်း) | ၈၃. ၆၀၆၂ | ၀. ၀၁၁၉၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၅. ၄၄ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၁၇၂ | ၁. ၃၁၂၈၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၂၀ | ၁. ၅၇၉၂၇ |

*အင်တာနက်။*

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မတ် ၁၆**

ယနေ့ မွန်းလွဲ ၁ နာရီ ၃၇ မိနစ် ၂၂ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (ကပ္ပလီပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၃-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံ စာတည်းရှုထောင့်ကဏ္ဍ၌ ရေးသား တင်ပြထားသော 'မနသိကာယ' စာသားအစား 'မနသိကာရ' ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

## ဖွဲနုဈေးမြင့်လာသော်လည်း လွန်ခဲ့သည့်နှစ်က ပေါက်ဈေးကိုမမီနိုင်

**ရန်ကုန် မတ် ၁၆**

ငါး၊ ပုစွန်မွေးမြူရေးအစာ အဓိကကုန်ကြမ်းဖြစ်သော ဖွဲနုမှာ ယခင်အပတ်ကထက် ဈေးမြင့်လာသော်လည်း လွန်ခဲ့သည့်နှစ် ယခုလိုကာလ၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းကို မမီနိုင်ကြောင်း မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ယခင်အပတ်က ဖွဲနုတစ်ပိဿာလျှင် ငွေကျပ် ၁၈၀ မှ ၁၈၅ ကျပ်ပေါက်ဈေးရှိရာမှ ယခုအပတ်အတွင်း ငွေကျပ် ၁၉၀ ကျော်သို့ မြင့်တက်လာခဲ့ပြီး ယင်းပမာဏမှာ လွန်ခဲ့သည့်နှစ် ယခုလိုကာလတွင် ဖြစ်ပေါ်ခဲ့သည့် တစ်ပိဿာလျှင် ၂၅၂ ကျပ်ဈေးကို မီနိုင်ခြင်းမရှိသေးကြောင်း ၊ပဲဖတ်အနေဖြင့် လက်ရှိတွင် ငွေကျပ် ၇၈၀ ဝန်းကျင်ပေါက်ဈေးရှိသော်လည်း နှမ်းဖတ်မှာ ငွေကျပ် ၆၈၀၊ ပဲပုပ်ဖတ်မှာ ငွေကျပ် ၈၂၀ ကျပ်ရှိနေပြီး လွန်ခဲ့သည့်နှစ်က ငွေကျပ် ၉၃၀ မှ ၉၅၀ ကျပ်ကြား ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ "ပဲပုပ်ဖတ်ကတော့ ပြည်တွင်းကို ပြည်ပကနေသွင်းတဲ့ ကုမ္ပဏီအများစုရှိတယ်။ ဒါကြောင့် ပြည်တွင်းထုတ် ပဲပုပ်ဖတ်တွေ အရောင်းထိုင်းနေတယ်။ ကိုယ်တိုင်သုံးစွဲတဲ့ ပုဂ္ဂိုလ်တွေကနေ တင်သွင်းသုံးစွဲကြလို့ ပဲပုပ်ဖတ်ဈေးက တက်မလာဘူးဆိုတဲ့ သဘောတွေ့ရပါတယ်"ဟု ၎င်းက ရှင်းပြသွားခဲ့သည်။

ထက်ခိုင်(စမ်းချောင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် မတ် ၁၆**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော (The 11th ASEAN TELMIN/ The 12th ASEAN TELSOM) (၁၀၀ ကျပ် နှင့် ၂၀၀ ကျပ်)တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ကို မတ် ၁၉ ရက်(တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မတ် ၁၉ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



❍ ကျောဖုံးမှ

ပြင်ဆင်ချက်တင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်းကြေညာသည်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သော ပြင်ဆင်ချက်များအတိုင်း လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

❒ ပြည်ထောင်စုမှ

**လုပ်ငန်းပမာဏ (၆၅ ဒသမ ၉)ရာခိုင်နှုန်းလျှော့ချသင့်သည်** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တစ်စုံတစ်ရာ ပြန်လည်ဆွေးနွေးရန်မရှိကြောင်း တင်ပြပြီး ပြင်ဆင်ချက်အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာက **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏ နောက်ဆက်တွဲ-၂ ခေါင်းစဉ်ကို **၂၀၁၂-၂၀၁၃ ခုနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက် ခေါင်းစဉ်အား ၂၀၁၂-၂၀၁၃ ခုနှစ် နိုင်ငံပိုင်အခန်းဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်ဟု ပြင်ဆင်သင့်ကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိကြောင်း တင်ပြပြီး ပြင်ဆင်ချက်အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းအဆို၏ နောက်ဆက်တွဲ -၂ တွင် ပြင်ဆင်ချက်များအပါအဝင် နောက်ဆက်တွဲ-၂ တစ်ခုလုံးသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်ကြောင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင်** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတစ်ရပ်လုံး**ကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းသည်။

ယင်းအဆိုအား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်က ထောက်ခံဆွေးနွေးပြီး ယင်းအဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ယနေ့ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ လာမည့် ၂၀-၃-၂၀၁၂ ရက်မှစပြီး ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောကို ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များဖြင့် ကိုက်ညီသော ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဆောလျင်စွာ ပေးပို့ရန်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က **နိုင်ငံတကာပါလီမန်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union-IPU) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် မြန်မာနိုင်ငံပါလီမန်အဖွဲ့အား သင့်တော်သည့် ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရန်**တို့ကို လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က **၂၀၁၂ ခုနှစ် ဧပြီလ ၂ ရက်မှ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင်ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်/အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံခေါင်းဆောင်များ အစည်းအဝေးမတိုင်မီ အာဆီယံပါလီမန်အမတ်များ ညီလာခံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်(မူကြမ်း)ကို ဆွေးနွေးမည့် အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် လွှတ်တော်များ၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ နောင်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းအား ပြောကြားမည်ဖြစ်ကြောင်း** လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**ဥပဒေကြမ်းလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ဆွေးနွေးတင်ပြခြင်းကဏ္ဍ**တွင် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဆိုင်ပေါင်းနပ်က လည်းကောင်း၊ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးမြင့်ထွန်းက လည်းကောင်း၊ **၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသောင်းက လည်းကောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဆွေးနွေးလိုသည့်အကြောင်းအရာအကျဉ်းချုပ်အားဖော်ပြ၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့နိုင်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၇-၃-၂၀၁၂ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၀၅ | "သုတရောင်စုံပန်းခင်း" |
| ၈း၁၅ | ကဗျာပန်းဥယျာဉ် |
| ၁း၅၀ | "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ" |
| ၂း၀၅ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၅၈)** |
| ၂း၅၀ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၄း၃၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၆း၂၀ | ပြဇာတ်အစီအစဉ် |
| ၆း၄၀ | "(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ" (ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြခန်း) |
| ၆း၅၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၁)** |
| ၇း၄၅ | "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် **-ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၀၀) -နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၂၃)** -ဂီတတံခါးလေးဖွင့်ပါဦး |



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း Multimedia Web Content Development Course နှင့် Network and System Administration Course(Level 2) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း သင်တန်းများဆင်းပွဲ တက်ရောက်

**နေပြည်တော် မတ် ၁၆**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ဖွင့်လှစ်ပို့ချသည့် Multimedia Web Content Development Course နှင့် Network and System Administration Course (Level 2)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကိုယ်စားလှယ်နှစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းများဆင်းပွဲသို့ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနအကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းများကို ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၇၆ ဦးအား သင်တန်းကာလ လေးပတ်စီဖြင့် သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ၂၀၀၆ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ သတင်းဆက်သွယ်မှု နည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုအချိန်အထိ သင်တန်း ၂၆ မျိုးကို သင်တန်းအကြိမ်ပေါင်း (၉၉)ကြိမ်ဖြင့် သင်တန်းသား ၄၄၂၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများအား အခမဲ့ကုသမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့သည် မတ် ၁၄ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးပွဲသို့ တက်ရောက်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အသေးစား၊ အကြီးစား ခွဲစိတ်မှုခံယူနေကြသော လူနာများနှင့် ခွဲစိတ်ပြီးစီးသော လူနာများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇလုတ်သုတေသနစိုက်ပျိုးရေးခြံ၊ ထန်းဇလုတ်ရေလှောင်တမံ ပင်မရေပေးမြောင်း ပြုပြင်ထားရှိမှု၊ ထန်းဇလုတ်တမံ အပန်းဖြေစခန်း အဆင့်မြှင့်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မတ် ၁၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန၌ ကျင်းပသည့် သစ်စေ့ပျိုးပွဲတော်သို့ တက်ရောက်ကာ မုံရွာမြို့ ရန်ကင်းရပ် အမှတ်(၁၁)နှင့် ဆူးလေကုန်းရပ်အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတို့၏ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ငမိုးရိပ်တံတား(ပါရမီ)တည်ဆောက်ရေးစီမံကိန်း ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် အုပ်ပုံဆိပ်တံတားမှ အမှတ်(၃)လမ်းအထိ အပိုင်းလိုက် ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ငမိုးရိပ်တံတား (ပါရမီ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ငမိုးရိပ်တံတား (ပါရမီ) တည်ဆောက်ရေးလုပ်ငန်းများမှာ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၁၂ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မဂ္ဂဇင်းအတွက် ကာတွန်း၊ ဆောင်းပါး၊ ကဗျာစာမူများ ဖိတ်ခေါ်

**နေပြည်တော် မတ် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းသည် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် " တစ်သက်တာတီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး" အပေါ် အခြေခံ၍ တီဘီရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ကျန်းမာရေးပညာပေး မဂ္ဂဇင်းထုတ်ဝေနိုင်ရန် ကာတွန်း၊ ဆောင်းပါး၊ ကဗျာတို့ကို စိတ်ပါဝင်စားသူ ဝါသနာရှင်များ၊ ပညာရှင်များအနေဖြင့် ရေးသားပေးပို့နိုင်ကြောင်းနှင့် မတ် ၃၀ ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(တီဘီ) အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း (ဗဟို)၊ ကျန်းမာရေးဦးစီးဌာန [ရောဂါနှိမ်နင်းရေးဌာနခွဲ၊ ခုတင်(၁၀၀၀) ဆေးရုံကြီးဝင်းအတွင်း အထက(၆) နေပြည်တော်အနီး] ဖုန်း-၀၆၇-၄၂၁၂၀၁ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တာဝန်ခံညွှန်ကြားရေးမှူးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၆**

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းစာစစ်ဌာနများ၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

# မြို့တော်ကဘူး ဆင်ခြေဖုံး၌ နေတိုး စစ်ရဟတ်ယာဉ်ပျက်ကျ



မြို့တော်ကဘူးဆင်ခြေဖုံး၌ နေတိုးစစ်ရဟတ်ယာဉ် ပျက်ကျခဲ့ရာ နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**ကဘူး မတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး ဆင်ခြေဖုံးဒေသ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ရဟတ်ယာဉ်တစ်စင်းသည် နေအိမ်တစ်လုံးပေါ်သို့ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသော တူရကီတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် မြေပြင်ပေါ်ရှိ အာဖဂန်အရပ်သားလေးဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

၁၁နှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော အာဖဂန်စစ်ပွဲတွင် ယခုဖြစ်ရပ်သည် နေတိုးမဟာမိတ် နိုင်ငံများအတွက် ကြေကွဲဖွယ်ရာ အဖြစ်ဆိုးဖြစ်သည်။

**ရုပ်သိမ်းမည်**

အာဖဂန်စစ်ပွဲသည် အနောက်အုပ်စုနိုင်ငံများအတွက် ငွေကြေးအကုန်အကျ အလွန်များပြားသော စစ်ပွဲတစ်ပွဲဖြစ်ပြီး ယင်းနိုင်ငံများရှိ ပြည်သူများမှာလည်း စစ်ဆန့်ကျင်ရေး စိတ်ဓာတ်များကို ပိုမိုဖြစ်ပေါ်စေသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် ယင်းနိုင်ငံမှ ၂၀၁၄နှစ်ကုန်ထက်နောက်မကျဘဲ ရုပ်သိမ်းရန်စီစဉ်ထားသည်။

ကဘူး၌ စစ်ရဟတ်ယာဉ်ပျက်ကျခြင်းသည် စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ကြောင့် ဖြစ်ရကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **အင်တာနက်။**



## အမေရိကန် မရိန်းတပ်များ ဩစတြေးလျ၌ ဖြန့်ကြက်မှုကိစ္စ အင်ဒိုနီးရှားဝေဖန်

**ဆစ်ဒနီ မတ် ၁၆**

ဩစတြေးလျနိုင်ငံ၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ရန်စီစဉ်ထားခြင်းနှင့် ပတ်သက်၍ ခိုင်လုံသော အကြောင်းပြချက်များရှိရန်လိုအပ်ကြောင်း၊ သို့မှသာ အာရှဒေသရှိ နိုင်ငံများအတွင်း နားလည်မှုလွဲမှားခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက မတ် ၁၆ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးသည် ဩစတြေးလျနိုင်ငံ၌ထုတ်ဝေသော ဆစ်ဒနီမောနင်းဟာရဲလ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားဖြင်းဖြစ်သည်။

အာရှဒေသ၌ ငြိမ်းချမ်းရေးတည်တံ့စေရေးအတွက် ဩစတြေးလျနိုင်ငံက အလေးထားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ အင်အားကြီးထွားလာမှုသည် အခြားသောနိုင်ငံများအား စစ်ရေးအရခြိမ်းခြောက်မှုမဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

ဩစတြေးလျနိုင်ငံ၌ အမေရိကန်မရိန်းတပ်ဖွဲ့များအား ဖြန့်ကြက်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံကို တိုက်ရိုက်ရည်ရွယ်မှု မရှိသော်လည်း မိမိတို့နိုင်ငံများအတွင်း နားလည်မှု လွဲမှားစေနိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **အင်တာနက်။**

## အိန္ဒိယနိုင်ငံ၏ စစ်ရေးအသုံးစရိတ် ၁၇ ရာခိုင်နှုန်း တိုးမြှင့်မည်

**နယူးဒေလီ မတ် ၁၆**

အိန္ဒိယနိုင်ငံသည် ၎င်း၏အစဉ်အလာပြိုင်ဘက် ပါကစ္စတန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ စစ်ရေးတည်ဆောက်မှုကို ပခုံးချင်းယှဉ်ရန် ကြိုးစားသည့်အနေဖြင့် လာမည့်နှစ်တွင် စစ်ရေးအသုံးစရိတ် ၁၇ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀) တိုးမြှင့်မည်ဖြစ်ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

ဟောင်းနွမ်းနေပြီဖြစ်သော စစ်လက်နက်ပစ္စည်းများကို အဆင့်မြှင့်တင်ရန် စီမံကိန်းများရေးဆွဲနေသော အိန္ဒိယအစိုးရသည် ၂၀၁၃ခုနှစ် မတ်လ၃၁ရက်တွင် ကုန်ဆုံးသောဘဏ္ဍာရေးနှစ်၌ ကာကွယ်ရေးအသုံးစရိတ်အဖြစ် ရူပီးငွေ ၁ ဒသမ ၉၃ ထရီလီယံ (ဒေါ်လာ ဘီလီယံ ၄၀) တိုးမြှင့်သုံးစွဲမည်ဖြစ်သည်။

လက်ရှိလိုအပ်ချက်များအပေါ် အခြေခံ၍ နောက်ထပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်လျက် ဤငွေကြေးပမာဏအား ခွင့်ပြုခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ပရာနပ်မူကာဂျီက ပါလီမန်တွင် လွှတ်တော်အမတ်များကို ၂၀၁၂-၂၀၁၃ရသုံးမှန်းခြေငွေစာရင်းကို ကြေညာရာ၌ထည့်သွင်းပြောကြားခဲ့သည်။

ယခင်နှစ်ဘတ်ဂျက်တွင် ကာကွယ်ရေးအသုံးစရိတ်ကို ၁၂ ရာခိုင်နှုန်းသုံးစွဲခဲ့ပြီးနောက် ဆက်တိုက်တိုးမြှင့်ခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် အိန္ဒိယနိုင်ငံသည် မဟာပြိုင်ဘက် ပါကစ္စတန်နိုင်ငံနှင့် သုံးကြိမ်တိုင်တိုင် စစ်ဖြစ်ခဲ့သည်။

ယခုလစောစောပိုင်းတွင် တရုတ်နိုင်ငံက ၂၀၁၂ ခုနှစ်အတွက် စစ်ရေးအသုံးစရိတ်ကို ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်၍ (ဒေါ်လာ ၁၀၆ ဒသမ ၄၁ ဘီလီယံ) သုံးစွဲမည်ဟု ကြေညာသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ နယ်နိမိတ်သည် မိုင်ပေါင်း ၁၂၀၀ ရှည်လျား၍ ယင်းနှစ်နိုင်ငံအကြား ၁၉၆၂ ခုနှစ်တွင် ရက်တိုစစ်ပွဲတစ်ကြိမ်ဖြစ်ပွားခဲ့သည်။ **အင်တာနက်။**

# အမေရိကန်နှင့် ဆက်ဆံရေး ပါကစ္စတန်ပါလီမန်တွင် ဆွေးနွေးမည်

**အစ္စလာမ္မာဘတ် မတ် ၁၆**

အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ အခြေခံမူများသတ်မှတ်ရေးကိစ္စကို ပါကစ္စတန်နိုင်ငံ ပါလီမန်တွင် လာမည့်ရက်သတ္တပတ်၌ အမတ်များအချေအတင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၆ရက်တွင်သတင်းထုတ်ပြန်သည်။

**ဆက်ဆံရေးတင်းမာ**

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ နိုဝင်ဘာလတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပါကစ္စတန်စစ်သား ၂၄ဦးသေဆုံးခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။

ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ပါကစ္စတန်အစိုးရအဖွဲ့က ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ **အင်တာနက်။**

## ဂြိုဟ်တုလွှတ်တင်နိုင်ရန် ရည်ရွယ်လျက် မြောက်ကိုရီးယားဒုံးပျံပစ်လွှတ်မည်



**မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံယာဉ် လွှတ်တင်ရေးစခန်းကို တွေ့ရစဉ်။**

**ပြုံယမ်း မတ် ၁၆**

မြောက်ကိုရီးယားနိုင်ငံသည် ဂြိုဟ်တုတစ်လုံးကို လွှတ်တင်နိုင်ရန်တာဝေးပစ်ဒုံးပျံတစ်စင်းကိုလာမည့်လ၌ပစ်လွှတ်မည်ဖြစ်ကြောင်း မတ် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားနိုင်ငံထူထောင်သူ ကင်အီဆွန်း၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အကြားကာလတွင် တာဝေးပစ်ဒုံးပျံကို ပစ်လွှတ်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ် ဧပြီ ၅ ရက်တွင် တာဝေးပစ်ဒုံးပျံတစ်စင်းကို နောက်ဆုံးအကြိမ် ပစ်ခတ်ခဲ့သည်။ကုလသမဂ္ဂလုံခြုံရေးကောင်စီသည်တာဝေးပစ်ဒုံးပျံများ ပစ်ခတ်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့သည်။

မိမိတို့နိုင်ငံသည် ဂြိုဟ်တုလွှတ်တင်နိုင်ရန်အလို့ငှာ တာဝေးပစ်ဒုံးပျံကို ပစ်ခတ်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသော ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

ပြည်တွင်း၌တည်ဆောက်ခဲ့သော ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်လုံးကို အန်ဟာ-၃ ဟု အမည်ပေးထားသော ဒုံးပျံယာဉ်ဖြင့် အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအာကာသနည်းပညာ ကော်မတီက ထုတ်ပြန်ကြေညာသည်။ **အင်တာနက်။**

## အီဂျစ်ဘောလုံးပွဲအဓိကရုဏ်း ၇၅ ဦးကို တရားစွဲဆို

**ကိုင်ရို မတ် ၁၆**

အီဂျစ်နိုင်ငံ၌ လွန်ခဲ့သည့်လက ဖြစ်ပွားခဲ့သော ဘောလုံးပွဲအဓိကရုဏ်းမှုနှင့် ဆက်နွှယ်၍ လူ ၇၅ ဦးကို ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးတွင် မတ် ၁၅ ရက်က တရားစွဲဆိုလိုက်ကြောင်း အစိုးရရှေ့နေချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

အီဂျစ်နိုင်ငံ ပို့ဆက်မြို့၌ဖေဖော်ဝါရီ ၁ရက်က မြို့ခံဘောလုံးအသင်းနှင့် ကိုင်ရိုမြို့အခြေစိုက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပွဲကြည့်ပရိသတ်များက အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၇၀ ကျော်သေဆုံးခဲ့ရသည်။

တရားစွဲဆိုခံရသူများအနက် ရဲတပ်ဖွဲ့ဝင်ကိုးဦးနှင့် ပို့ဆက်မြို့ခံ အယ်လ်မာဆရီဘောလုံးအသင်း၏ တာဝန်ရှိသူသုံးဦး ပါဝင်ကြောင်း အစိုးရရှေ့နေချုပ်ရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အဓိကရုဏ်းဖြစ်မှုသည် ဘောလုံးသမိုင်းတွင် လူသေဆုံးမှုအများဆုံးဖြစ်ရပ်တစ်ခုဖြစ်သည်။ အဓိကရုဏ်းဖြစ်မှုကို လုံခြုံရေးတပ်ဖွဲ့များက တားဆီးကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။ **အင်တာနက်။**

# အလေအလွင့်ပစ္စည်းများ ဗြိတိန်သို့ အင်ဒိုနီးရှားပြန်ပို့မည်

ဂျကာတာ မတ် ၁၆

**သတ္တုအပိုင်းအစများဟု အမှတ်အသားပြုထားသည့် ကုန်သေတ္တာများအတွင်းတွင် အရည်များနှင့် အလေအလွင့် ပစ္စည်းများ ထည့်ထားကြောင်း စစ်ဆေးရေးအဖွဲ့က တွေ့ရှိရသည့်အတွက် တန်ချိန် ၁၈၀၀ရှိသော ယင်းအလေအလွင့် ပစ္စည်းများကို ပြန်လည်ယူဆောင်ရန် အင်ဒိုနီးရှားနိုင်ငံက ဗြိတိန်နိုင်ငံကို တောင်းဆိုလိုက်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။**

ဂျကာတာမြို့ တန်ဂျောင်ပရိုင်အုတ်ဆိပ်ကမ်း၌ ဇန်နဝါရီလအတွင်းတွင် ကုန်သေတ္တာ ၈၉လုံးကို ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်ခဲ့ကြောင်း ၎င်းအဖွဲ့က အတည်ပြုပြောကြားသည်။

အကောက်ခွန်အရာရှိများက အဆိုပါကုန်သေတ္တာများအတွင်းတွင် နိုင်လွန်ကတ္တရာများ၊ သဲများ၊ ပလတ်စတစ်များနှင့် အဖြူရောင်အရည်များကို တွေ့ရှိကြောင်း ဂျကာတာဂလုပ်သတင်းစာက ဖော်ပြထားသော်လည်း မြေကြီးများနှင့် အခြားအလေအလွင့်ပစ္စည်းများလည်း ပါဝင်ကြောင်း ယုံကြည်ရသည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသို့ မသန့်ရှင်းသော အလေအလွင့်ပစ္စည်းများ တင်ပို့ခြင်းမပြုရန် ဗြိတိသျှကုမ္ပဏီများကို တားမြစ်ထားသည်။ နောက်လတွင် အဆိုပါကုန်သေတ္တာများကို ဗြိတိန်နိုင်ငံသို့ ပြန်ပို့မည်ဟု မျှော်လင့်ရသည်။

အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဆောလ်တာရှာကမ်ဘူယာက ဇန်နဝါရီလအတွင်း၌ အလေးအနက်ထားပြောကြားခဲ့ရာ၌ သတ်မှတ်စံနှုန်းနှင့်ညီသည့် သတ္တုအပိုင်းအစများကိုသာ ၎င်း၏နိုင်ငံက လက်ခံမည်ဟု ဆိုသည်။

ပစ္စည်းများသည် ဘေးဥပဒ်အန္တရာယ်ကင်းစင်၍ သန့်ရှင်းနေရမည်ဖြစ်ကြောင်း၊ ယခုပစ္စည်းများသည် အမှိုက်ပုံဖြစ်ကြောင်း၊ အချို့သည် စွတ်စို၍ အချို့မှာ ခြောက်သွေ့ကြောင်း၊ အချို့မှာ အရည်များကျ၍ အနံ့အသက် ဆိုးရွားလှကြောင်း၊ ဤလုပ်ဆောင်ချက်သည် ဥပဒေချိုးဖောက်ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ **အင်တာနက်။**



ဗြိတိန်နိုင်ငံက ပို့လိုက်သော ကုန်သေတ္တာများကို ဂျကာတာမြို့ ဆိပ်ကမ်း၌ စစ်ဆေးနေကြစဉ်။

# မဲပေးရာတွင် “ပယ်မဲ” မဖြစ်စေရေး သတိပြုရန်အချက်များ

**သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါ ဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်-**

(၁) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊
(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊
(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊
(၆) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊
(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင်အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

**ယင်းနည်းဥပဒေ ၆၆(ဂ)၏ အပိုဒ်ခွဲငယ် (၂)(၃)၊ (၄)၊ (၅)နှင့် (၇)တို့ပါ ပြဋ္ဌာန်းချက်များကို မဲဆန္ဒရှင်ပြည်သူများ ပိုမိုနားလည်သဘောပေါက်စေရန် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြပါသည်-**

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသောလေးထောင့်ကွက်အတွင်း၌ အမှန်အမှတ်အသားကိုသာ ရေးခြစ်၍ ဆန္ဒပြုရမည်။
(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်အမှတ်အသားကိုဖြစ်စေ၊ အမှားအမှတ်အသားကိုဖြစ်စေ ရေးခြစ်ထားပါက “ပယ်မဲ”အဖြစ် သတ်မှတ်မည်။
(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း “ပယ်မဲ”အဖြစ်သတ်မှတ်မည်။
(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန် သို့မဟုတ် အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း “ပယ်မဲ”အဖြစ် သတ်မှတ်မည်။
(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်ရေးခြစ်ထားသည့် အမှန်အမှတ်အသားမှာ အမှန်ခြစ် ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ညာဘက်ဘေးဘောင်ကို ကျော်လွန်၍ရေးခြစ်သည်ဖြစ်စေ၊ အလျားလိုက်ခြစ်သည်ဖြစ်စေ၊ ဒေါင်လိုက်ခြစ်သည်ဖြစ်စေ၊ အမှန်အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့်ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

**အထက်ဖော်ပြပါအချက်များအပြင် ကြိုတင်ဆန္ဒမဲလက်မှတ်များ၌ အောက်ဖော်ပြပါ အမှတ်အသားများ မပါရှိပါက ပယ်မဲအဖြစ် သတ်မှတ်ရမည်-**

(၁) မဲရုံတွင်ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ ကျောဘက်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသည့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် လက်မှတ်ပါရှိရမည်။ (တစ်မျိုးတည်းပါလျှင်လည်း မရပါ။)
(၂) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသည့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင် လက်မှတ်ပါရှိရမည်။ (တစ်မျိုးတည်းပါလျှင်လည်း မရပါ။)
(၃) ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏လက်မှတ်ပါရန် မလိုပါ။

မှတ်ချက်။ (၁) ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်မဲများကို မဲရုံမဖွင့်မီ မဲရုံမှူးထံ ပုံစံ (၁၃)ဖြင့် အပ်နှံရမည်။
(၂) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ ၆၉(က)အရ မဲရုံတွင်ရေတွက်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်ရမည်ဖြစ်ပြီး နည်းဥပဒေ ၆၉(ခ)အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်ဆန္ဒမဲလက်မှတ်များ ခိုင်လုံသည်၊ မခိုင်လုံသည်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ရမည်ဖြစ်သည်။

မဲရုံမှူးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက “ပယ်မဲ” သတ်မှတ်သည့် ဆန္ဒမဲ/ ကြိုတင်ဆန္ဒမဲ လက်မှတ်များကို သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အသိသက်သေပြည်သူများရှေ့မှောက်တွင် ရေတွက်၍ သတ်မှတ်ပုံစံများတွင် စနစ်တကျ မှတ်တမ်းတင်ထားရမည် ဖြစ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**









မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏တံဆိပ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် လက်မှတ်ပါရှိရမည်။

# ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

**သတင်းဆောင်းပါး-ညီညီထွန်း**
**ဓာတ်ပုံ-မျိုးမောင်မောင်**

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကား မဏိရတနာ ကျောက်စိမ်းခန်းမကြီး၌ ကျင်းပလျက်ရှိသည်။ ပြည်တွင်းပြည်ပ ရတနာကုန်သည်များကား အစီအရီခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအကြားဝယ် ပျားပန်းခပ်မျှ လူးလာခေါက်ပြန် လှုပ်ရှားသွားလာနေကြသည်။ ပြပွဲကြီးသို့ ပြည်ပနိုင်ငံပေါင်းရှစ်နိုင်ငံရှိ ကျောက်မျက်ရတနာကုမ္ပဏီ ၄၃၂ ခုတို့မှ ရတနာကုန်သည်ပေါင်း ၁၉၅၁ ဦးနှင့် ပြည်တွင်းရတနာကုမ္ပဏီ ၆၉၄ ခုမှ ကုန်သည် ၃၀၀၀ ကျော်တို့ တက်ရောက်၍ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိသည်ကို အားရဖွယ်တွေ့မြင်ခဲ့ရသည်။

ရောင်းချပေးသည့် ကျောက်မျက်ရတနာများမှာ ကျောက်စိမ်းအရိုင်း၊ သွေးပြီး ကျောက်စိမ်းအချောများ၊ ကျောက်မျက်ရတနာအရိုင်းများနှင့် သွေးပြီးရတနာအချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်များ၊ သစ်ပင်ကျောက် (Patrified Wood) အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများ စသည်တို့ဖြစ်သည်။ အတွဲအားဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၆၆၉၇ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၂၂၇ တွဲနှင့် ပုလဲအတွဲပေါင်း ၃၆၇ တွဲတို့ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ပြပွဲကြီးတွင် ပုလဲအတွဲများကို မတ် ၈ ရက်၌ ခင်းကျင်းပြသခဲ့ပြီး ၉ ရက်နှင့် ၁၀ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ရောင်းချပေးခဲ့သည်။ ကျောက်မျက်အတွဲများကို မတ် ၆ ရက်မှ ၉ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး မတ် ၁၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ရောင်းချပေးခဲ့သည်။

ကျောက်စိမ်း အတွဲများကိုလည်း မတ် ၁၁ ရက်မှ ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ဈေးပြိုင်စနစ်တို့ဖြင့် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ရောင်းချပေးလျက်ရှိသည်။

ပြပွဲတွင် ကျောက်စိမ်းရောင်းချပေးမှုမှာ ကုမ္ပဏီပေါင်း ၃၆၁ ခုက ကျောက်စိမ်းအရိုင်းတွဲ ၁၆၂၄၇ တွဲ၊ အင်ကြင်းကျောက် ခြောက်တွဲ၊ နိုင်ငံပိုင် ကျောက်စိမ်းအချောထည် ၃၁ တွဲ၊ ပုဂ္ဂလိကပိုင် ကျောက်စိမ်းအချောထည် ၃၁ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက် ၁၃၇ တွဲ စုစုပေါင်း ၁၆၄၅၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအရိုင်း ၂၄၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ တင်ဒါနှင့်ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးသည့် ကျောက်စိမ်းအတွဲ စုစုပေါင်းမှာ ၁၆၆၉၇ တွဲဖြစ်သည်။ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများတွင် ကြမ်းခင်းဈေး ယူရိုတစ်သန်းနှင့်အထက် ကျောက်စိမ်းအတွဲပေါင်း ၄၁ တွဲ ပါဝင်သည်။ အမြင့်ဆုံး ကြမ်းခင်းဈေးဖြစ်သည့် ယူရိုငါးသန်းတန် ကျောက်စိမ်းအတွဲမှာ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်လုပ်ကိုင်သည့် ကျောက်စိမ်းနဂါး ကျောက်မျက်ကုမ္ပဏီက လုံးခင်း - ဖားကန့်ရတနာနယ်မြေ မမုံမှော်မှ တူးဖော်ရရှိခဲ့သည်။ အလားတူ မဟာအစပထမကျောက်မျက်ကုမ္ပဏီက ယူရို ၃ ဒသမ ၈ သန်းတန် ကျောက်စိမ်းအတွဲကို လည်းကောင်း၊ စိမ်းရတနာသိုက် ကျောက်မျက်ကုမ္ပဏီနှင့် အောင်ရွှေနန်း ကျောက်မျက်ကုမ္ပဏီတို့က ယူရို ၃ ဒသမ ၆ သန်းတန် ကျောက်စိမ်းအတွဲကို လည်းကောင်း၊ အောင်အောင်နိုင်နိုင် ကျောက်မျက်ကုမ္ပဏီက ယူရို ၃ ဒသမ ၂ သန်းတန် ကျောက်စိမ်းအတွဲများကိုလည်းကောင်း တင်ပြရောင်းချပေးလျက်ရှိသည်။ ကျောက်မျက်ရတနာပြပွဲတိုင်းတွင် ကျောက်စိမ်းအတွဲများကို မူလကြမ်းခင်းဈေးထက် အဆပေါင်းများစွာ ဈေးပေး၍ အပြိုင်အဆိုင် ဝယ်ယူလေ့ရှိကြသဖြင့် ယခုပြပွဲတွင်လည်း မူလမျှော်မှန်းသည်ထက် ဈေးပိုမိုရရှိဖွယ်ရှိကြောင်း ရတနာကုန်သည်အချို့က ခန့်မှန်းကြသည်။

ကျောက်စိမ်းလာရောက်ဝယ်ယူသည့် ပြည်တွင်းကုန်သည်တစ်ဦးကလည်း ကျောက်စိမ်းအရိုင်းများကို ရောင်းချပေးမည့်အစား အချောထည်အဖြစ် လက်ရာသေသပ်ကောင်းမွန်စွာဖြင့် အဆင့်အတန်းမြင့်မြင့် Value Added ပြုလုပ်ရောင်းချပါက ပိုမိုဈေးကောင်းရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အချောထည်ပြုလုပ်သည့်နည်းပညာ တိုးတက်ရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုအရ ပြောရမည်ဆိုလျှင် တရုတ်အချောထည်လုပ်ငန်းရှင်များမှာ ကွမ်ရင်မယ်တော်ရုပ်တုနှင့် နဂါးရုပ်တုတို့ကို ထုလုပ်ပါက မိမိတို့ထက် ပိုမိုလက်ရာကောင်းမွန်သော်လည်း ဗုဒ္ဓရုပ်ပွားတော်နှင့် မြန်မာ့ရိုးရာရုပ်တုများ ထုလုပ်ရာတွင်မူ မြန်မာ့လက်ရာကို မမီပါကြောင်း၊ သို့သော် ဈေးကောင်းရလိုပါက ပြည်ပနိုင်ငံများအကြိုက် ရုပ်တုရုပ်ထွင်းများကို အဆင့်မြင့်မြင့် ထုတ်လုပ်သွားသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ကျောက်မျက်ရတနာများ ရောင်းချပေးရာတွင် နိုင်ငံတော်နှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ပုဂ္ဂလိက ကုမ္ပဏီများက ပါဝင်ပြသရောင်းချကြသည်။ စုစုပေါင်းကုမ္ပဏီ ၃၅ ခုက တင်ပြရောင်းချသော ကျောက်မျက်အတွဲ ၂၇၇ တွဲကို ဈေးပြိုင်စနစ်ဖြင့် ၄၉ တွဲ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၇၈ တွဲ ခင်းကျင်းပြသရောင်းချပေးခဲ့သည်။ အမြင့်ဆုံး ကြမ်းခင်းဈေးအနေဖြင့် မိုးချယ်ရီအကျိုးတူကုမ္ပဏီက ယူရို ၃ ဒသမ ၅ သိန်းတန် ပန်းရောင်နီလာတာတစ်ပွင့်၊ မြန်မာလာဘ အကျိုးတူကုမ္ပဏီက ယူရို ၂ ဒသမ ၅ သိန်းတန် နီလာရိုင်းတစ်ပွင့်၊ မြားညီအစ်ကိုကုမ္ပဏီက ယူရို ၁ ဒသမ ၂ သိန်းတန် ပတ္တမြား ဂေါ်ကြိုးတစ်ပွင့်၊ မာစီဖူးလ်ကုမ္ပဏီက ယူရိုတစ်သိန်းတန် ပတ္တမြားရိုင်းတစ်ပွင့်နှင့် ကြယ်လေးစင်း ကုမ္ပဏီက ယူရို ၇ ဒသမ ၅ သောင်းတန် ပတ္တမြားရိုင်းတစ်ပွင့်တို့ကို တင်ပြရောင်းချပေးခဲ့သည်။ ပြပွဲတိုင်းတွင် ကျောက်မျက်ရတနာများကို အများဆုံး လာရောက်ဝယ်ယူသူများမှာ ထိုင်းနိုင်ငံမှ ရတနာကုန်သည်များဖြစ်သည်။



ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေကြစဉ်။



ပုလဲအတွဲများကို လေ့လာဝယ်ယူနေကြသည့် ရတနာကုန်သည်များ။

ယင်းကုန်သည်များက မိုင်းရှူးပတ္တမြားရိုင်းများကို အဓိကဝယ်ယူလေ့ရှိပြီး ထိုင်းနိုင်ငံတွင် အရောင်အဆင်းလှပအောင် မွမ်းမံပြုပြင်၍ နိုင်ငံတကာသို့ ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ့ပတ္တမြားနှင့် နီလာတို့မှာ ကမ္ဘာတွင် ရှားပါးသောရတနာများဖြစ်ရာ မြန်မာနိုင်ငံတွင် ယင်းရတနာဈေးကွက်ပိုမိုဖြစ်ထွန်းလာပါက နိုင်ငံတော်ရော တိုင်းရင်းသားကျောက်မျက်လုပ်ငန်းရှင်များအတွက်ပါ ပိုမိုအကျိုးခံစားခွင့် ရရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီလေးခုတို့က တင်ပြရောင်းချသော ပုလဲအတွဲ ၃၆၇ တွဲ ကို ဈေးပြိုင်စနစ်ဖြင့် ၃၆ တွဲ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၃၃၁ တွဲ ခင်းကျင်းပြသရောင်းချပေးခဲ့သည်။ ကမ္ဘာက ကြိုက်နှစ်သက်သော မြန်မာ့ရွှေရောင်ပုလဲနှင့် ငွေရောင်ပုလဲတို့ကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ပုလဲများမှာ တောင်ပင်လယ်ပုလဲအမျိုးအစားဖြစ်သည်။ တောင်ပင်လယ်ရွှေရောင်ပုလဲထွက်ရှိသည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာသုံးနိုင်ငံအနက် မြန်မာ့ရွှေရောင်ပုလဲမှာ အရည်အသွေးအကောင်းဆုံးနှင့် ကမ္ဘာတွင် လူကြိုက်အများဆုံး ပုလဲအမျိုးအစားဖြစ်သည်။

ထို့အပြင် မြန်မာ့ပုလဲများမှာ အခြားနိုင်ငံများက ထုတ်လုပ်ထွက်ရှိသော ပုလဲများကဲ့သို့ အရောင်အဆင်း လှပအောင် မွမ်းမံပြင်ဆင်ထားခြင်းမရှိဘဲ သဘာဝအရောင်အဆင်းအတိုင်းသာ တင်ပြရောင်းချသဖြင့် ကမ္ဘာ့ပုလဲဈေးကွက်တွင် နာမည်ကျော်ကြား လူကြိုက်များရခြင်းဖြစ်ကြောင်း မြန်မာအရှေ့တိုင်းပုလဲကုမ္ပဏီမှ ဒေါ်စုစုလွင်က ပြောကြားသည်။ ပြုပြင်မွမ်းမံထားသည့် ပုလဲ၏အရောင်အဆင်းမှာ သက်တမ်းကြာမြင့်လာပါက အရောင်များ လွင့်ပြယ်သွားတတ်ပြီး သဘာဝပုလဲမှာမူ မူလအရောင်အဆင်းမှ ပြောင်းလဲသွားခြင်းမရှိပေ။ ပုလဲထုတ်လုပ်မှုလုပ်ငန်းမှာ ယခင်က သဘာဝမုတ်ကောင်ကို ရှာဖွေပြီးမှ ပုလဲမွေးမြူထုတ်လုပ်ခဲ့ရပြီး ယခုအခါတွင်မူ မုတ်ကောင်မွေးမြူသားဖောက်လုပ်ငန်းကို လုပ်ကိုင်လာနိုင်သဖြင့် ပုလဲများကို ပိုမိုထုတ်လုပ်လာနိုင်ခဲ့သည်။ ထို့အပြင် ယင်းသို့ မွေးမြူထုတ်လုပ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်စေဘဲ ထုတ်လုပ်လာနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပုလဲလာရောက်ဝယ်ယူသည့် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ Snow Pearl ရတနာဆိုင်မှ ဦးမြတ်စိုးကလည်း "ယခုပြပွဲမှာ ရွှေရောင်ပုလဲကို ပိုမိုတင်ပြထားတာတွေ့ရပါတယ်။ လာဝယ်တဲ့ ပုလဲကုန်သည်တွေက ရွှေရောင်ပုလဲကိုရော ငွေရောင်ပုလဲကိုပါ ကြိုက်နှစ်သက်ကြပါတယ်။ ငွေရောင်ပုလဲကို ဒီ့ထက်ပိုမိုတင်ပြရင် ပိုမိုရောင်းရမယ် ထင်ပါတယ်"ဟု ပြောကြားသည်။

ပုလဲရောင်းချပွဲသို့ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့မှ အများဆုံးလာရောက် ဝယ်ယူကြပြီး ဂျပန်နိုင်ငံမှ ကုန်သည်များအနက် ဂျပန်လူမျိုးများသာမက ဂျပန်နိုင်ငံတွင် ပုလဲလုပ်ငန်းလုပ်ကိုင်နေသည့် အိန္ဒိယနိုင်ငံသားများလည်း ပါဝင်ကြောင်း မေးမြန်းသိရှိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုအောင်မြင်စွာ ကျင်းပရောင်းချနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြားကိုလည်း ရှာဖွေပေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားလုပ်ငန်းရှင်များ၏ အကျိုးကို ရှေးရှု၍ ကျောက်မျက်ရတနာပြပွဲများကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ် ကျင်းပရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုပြပွဲကြီးတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ စနစ်တကျ ဝင်၊ ထွက်နိုင်ရန်အတွက် RFID နည်းပညာ အသုံးပြု၍ကတ်များပြုလုပ်ပေးထားပြီး RFID Shutter Gate များကို ဖြတ်သန်းစေ၍ ဝင်ရောက်စေသည်ကို တွေ့ရသည်။ ရတနာကုန်သည်များအနေဖြင့် ပြပွဲကာလအပြီးတွင် မိမိတို့ဝယ်ယူရရှိခဲ့သော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို လျင်မြန်လွယ်ကူစွာ သိရှိနိုင်ရန်အတွက် Emporium Sale Information System KIOSK Module စနစ်နှင့် စက်များကိုလည်း အသုံးပြုလျက်ရှိသည်။

ပြည်ပရတနာကုန်သည်များ လွယ်ကူစွာ လာရောက်နိုင်ရန်အတွက် ဟောင်ကောင်၊ ရှမ်းတုံ၊ ကွမ်ကျိုး၊ မကာအိုမှ နေပြည်တော်သို့ Hong Koung Air Lines Limited, C-Z Air Lines Limited, Air Macao Company, MAI တို့က ခရီးသည် ၁၁၄၇ ဦးအတွက် အသွားအပြန်ခရီးစဉ် ခုနစ်ခေါက် စီစဉ်ပေးခဲ့ရာ ရတနာကုန်သည်များ လွယ်ကူလျင်မြန်စွာဖြင့် ပြပွဲကြီးသို့ လာရောက်နိုင်ခဲ့ကြကြောင်း သိရှိရသည်။ ထို့အပြင် နေပြည်တော်တွင် ရတနာကုန်သည်များ သွားလာရေးလွယ်ကူစေရန်အတွက် ပါရမီမော်တော်ယာဉ်အသင်းနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ Taxi ယာဉ်များဖြင့်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပြပွဲဗဟိုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးကလည်း ပြည်တွင်းပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ရေးနှင့် ဆက်သွယ်ရေး စသည်တို့ကို ယခင်ပြပွဲများကထက် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးထားသည့်အတွက် ရတနာကုန်သည်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် လေ့လာဝယ်ယူနိုင်ကြသည်ကို တွေ့ရှိရသည်။

ထို့ကြောင့်ပင် ယခုကျင်းပလျက်ရှိသည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးမှာ ယခင့်ယခင်ပြပွဲများကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ အစစအရာရာ အခက်အခဲမရှိဘဲ ပိုမိုအောင်မြင်ချောမွေ့စွာ ကျင်းပပေးလျက်ရှိသည်ကို မျက်မြင်တွေ့သိခဲ့ရပါကြောင်း။ ။

အင်တာနက်ကျန်းမာရေးသတင်း — ဘာသာပြန် - ခင်ချိုဝင်း

## စာအုပ်များပြားစွာ ကျောပိုးအိတ်ဖြင့် လွယ်သည့်ဒဏ်ကြောင့် ကလေးများ နောက်ကျောနာကျင်မှုဝေဒနာဖြစ်နိုင်

ကျောင်းသား ကျောင်းသူ ကလေးငယ်များကျောင်းတက်စဉ် ကျောပိုးအိတ်လွယ်ရာ၌ စာအုပ်များပြားလေးလံစွာထည့်၍ လွယ်ခြင်းသည် ကလေးငယ်၏ နောက်ကျောနာကျင်မှုဝေဒနာ ပိုမိုဖြစ်လာနိုင်ဖွယ်ရှိသည်ဟု လေ့လာသုတေသနပြုတွေ့ရှိခဲ့ကြသည်။

ကျောပိုးအိတ်၌ ဝန်ထုပ်လေးလံစွာထည့်၍ လွယ်သောကျောင်းသား ၁၄၀၃ ဦးကို လေ့လာခဲ့ရာမှ နောက်ကျောနာကျင်မှုသည် ကျောပိုးအိတ်၌ ဝန်ထုပ်ဝန်ပိုးများပြားစွာထည့်၍ လွယ်ခြင်းနှင့် ဆက်စပ်မှုရှိသည်ဟု ၎င်းတို့အဖွဲ့က ပြောသည်။

ကျောင်းသားလေးများသည် ကျောပိုးအိတ်လွယ်ရာတွင် ၎င်းတို့၏ ကိုယ်အလေးချိန်၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ မသယ်ပိုးသင့်ကြောင်း အဆိုပါ သုတေသနပြုချက်၌ အကြံပြုတင်ပြခဲ့ကြသည်။ထိုသုတေသနပြုချက်ကို စပိန်နိုင်ငံမြောက်ပိုင်းရှိ ကျောင်းပေါင်း ၁၁ ကျောင်းမှ (၁၂) နှစ်မှ (၁၇) နှစ်အကြား ကလေးများကို လေ့လာခဲ့ကြသည်။

၎င်းတို့လွယ်ထားသော ကျောပိုးအိတ်ဝန်ချိန်နှင့်လိုက်၍ အုပ်စုလေးစုခွဲကာ ကလေးများကို လေ့လာခဲ့ကြသည်။ ဝန်အချိုးအစား ၅၀ ရာခိုင်နှုန်းကျော်ပါသော ကျောပိုးအိတ်ကြီးကို လွယ်သူသည် ဝန်ချိန်သိပ်မလေးသော ကျောပိုးအိတ်ကို လွယ်သူထက် နောက်ကျောနာခြင်း၊ ထိုးအောင့်ခြင်း ဝေဒနာ ပိုမိုဖြစ်တတ်သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။ **အင်တာနက်။**



**စာအုပ်များစွာသယ် ပိုး ထားသော ကျော ပိုး အိတ် နှင့် ကလေး ငယ် တစ် ဦး အား ကျောင်း သို့ သွားရန် ပြင်ဆင် နေ သည် ကို တွေ့ရစဉ်။**
*အင်တာနက်။*

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**ရန်ကုန် မတ် ၁၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Pipeline Company Limited သည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနီးရှိ မဒဲကျွန်းဒေသတွင် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး မဒဲကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို Pipe Lay Barge KUBER နှင့် အထောက်အကူပြုရေယာဉ် MV Stanford Mermaid တို့ဖြင့် မတ် ၂၃ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

မဒဲကျွန်းမှ ကျင်းရီတောင်သို့သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်းတည်နေရာများမှာ Gas Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်၊ Oil Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်နှင့် Optical Fibre Cable Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၅ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ မဒဲကျွန်းမှ ကျင်းရီတောင်သို့သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို Pipe Lay Barge KUBER နှင့် အထောက်အကူပြုရေယာဉ် MV Stanford Mermaid တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လမ်းကြောင်းတစ်လျှောက်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)



# နိုင်ငံနှင့် ဒေသအကျိုးပြုလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် ရေဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်နှင့် နည်းပညာများသင်ကြားနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ပညာရေးကဏ္ဍဆောင်ရွက်ချက်များ

* ရေဝတီတိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်များအား မျက်မှောက်ခေတ်၌ ပညာတစ်ပိုင်းတစ်စဖြင့် မိဘလက်ငုတ် ဝင်လုပ်သူအချိုးအစားနည်းပါးအောင် ပညာရေးကဏ္ဍဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။ ပညာရည်အခြေပြု၍ မိဘလုပ်ငန်းတစ်ခေတ်ဆန်းအောင် ကြိုးပမ်းနိုင်သူများ တိုးပွားလာစေရန် တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။
* ရေဝတီတိုင်းဒေသကြီး၌ ကျောင်းသား ကျောင်းသူများကို ဇာတိဌာနမွေးရပ်မြေ၌ ဆရာတစ်ဆူပါရဂူအဖြစ် မျိုးဆက်သစ်များကို ပြန်လည်မွေးထုတ်ပေးနိုင်သည်အထိ ရည်ရွယ်၍ အဆင့်မြင့်ပညာနှင့် နည်းပညာများ သင်ကြားနိုင်ရန် ပညာအမွေ ဖြန့်ဝေပေးလျက်ရှိသည်။
* ရေဝတီတိုင်းဒေသကြီး၌ အဆင့်မြင့်နှင့် နည်းပညာများသင်ကြားနိုင်ရန် တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။



ရေဝတီတိုင်းဒေသကြီးအတွင်း လူငယ်လူရွယ်များ နည်းပညာများ သင်ကြားနိုင်ရန်အတွက် ပုသိမ်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(ပုသိမ်) (အပေါ်ဆုံးပုံ)ကို တွေ့ရစဉ်။

ရေဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာများသင်ကြားနိုင်ရန်အတွက် ပုသိမ်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပုသိမ်တက္ကသိုလ်(အပေါ်ပုံ)နှင့် စာသင်ဆောင်(အောက်ပုံ)တို့ကို တွေ့ရစဉ်။



ရေဝတီတိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူများ နည်းပညာများသင်ကြားနိုင်ရန်အတွက် ဟင်္သာတမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(ဟင်္သာတ)(အပေါ်ပုံ)ကို တွေ့ရစဉ်။



သတင်းမှတ်စု
မောင်ငြိမ်းအေး

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများအား တာဝန်ပေးအပ်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်တာဝန်ခံများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရှိ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းဦးတည်ချက် (၄)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ ယင်းဦးတည်ချက်(၄)ရပ်မှာ လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဝင်ပေါက်များမှ နိုင်ငံခြားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေး၊ နိုင်ငံခြားသားဧည့်သည်များ တည်းခိုနားနေမည့် ဟိုတယ်များ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံခြားသားဧည့်သည်များ မြန်မာပြည်အတွင်း သွားလာလည်ပတ်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေအောင်ဆောင်ရွက်ရေး၊ နိုင်ငံခြားသားဧည့်သည်များ လည်ပတ်ကြည့်ရှုနိုင်ရန်အတွက် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးနှင့် ရှိပြီးခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများဖြစ်ပြီး ဟိုတယ်ဇုန်အလိုက် စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တာဝန်ပေးခံရသည့် တာဝန်ခံအရာရှိများ အနေဖြင့် မိမိသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်ရန်သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်(၂၂)ချက်အပြင် ဝန်ကြီးဌာနကပေးလာသည့် ညွှန်ကြားချက်များကိုပါ အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများအား တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ်။**

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၁၇-၃-၂၀၁၂ (စနေနေ့)**

- ၅း၄၀ "အစုန်လမ်းနှင့် အဆန်လမ်း" တရားတော်(ဆရာတော် အဂ္ဂသိရီ)
- ၉း၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၂၀ ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
- ၁၁း၀၀ Activities In The City (တော်ဝင်စင်တာ၏ 3D ရုပ်ရှင်ရုံဖွင့်ပွဲ)
- ၁၂း၅၅ စားဖွယ်စုံတဲ့. . . မြိတ်ရိုးရာအစားအစာ. . .
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၆)**
- ၄း၀၀ MNL MYANMAR 2012 (MagwayVs Nay Pyi Taw) (LIVE)
- ၆း၁၅ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ (ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့) (ရန်ကုန်)
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၂၄)**
- ၇း၃၀ Forever Gems by ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ (Part-1)
- ၈း၃၀ သွားမယ်စားမယ် (Venus Garden)
- ၈း၅၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်) (အပိုင်း-၆)
- ၉း၂၅ Barclays Premier League (Fulham Vs Swansea)
- ၁၁း၂၅ VJ Choice
- ၁၁း၅၅ FA Cup (Spurs Vs Bolton)
- ၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၀၁)**
- ၂း၄၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၃း၁၅ World of Knowledge
- ၄း၁၅ ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ MYANMAR LIFE HOTEL
- ၄း၃၅ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၄း၄၅ မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၂၅ | Fulham - Swansea | (Star Sports)(MRTV-4) |

### FA Cup ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Everton - Sunderland | (Star Sports) |
| ၁၀း၅၅ | Spurs - Bolton | (Star Sports)(MRTV-4) |

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ဖာပွန်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် မတ် ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မတ် ၉ ရက်တွင် ဖာပွန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဖာပွန်မြို့တွင်း ရေပေးဝေရေးစနစ် ဆောင်ရွက် ထားရှိမှုနှင့် စပ်လျဉ်း၍ တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သစ်တောဦးစီးဌာန၏ တစ်အုပ်တစ်မ စံပြကျွန်းစိုက်ခင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖာပွန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ လူနာများအား နှုတ်ဆက်အားပေးပြီး ခွဲစိတ်ခန်းနှင့် ဆိုလာနှင့်ရေအားလျှပ်စစ်တို့ အသုံးပြု၍ မြန်မာ့ရုပ်သံအစီအစဉ် ပြသမှုများကို ကြည့်ရှုကာ ဆေးရုံ ကြီးကြပ်မှုကော်မတီအတွက် အလှူငွေနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကရင်ပြည်နယ် ဝန် ကြီး ချုပ် ဦး ဇော် မင်း ဖာပွန် မြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအား နှုတ် ဆက် အား ပေးစဉ်။**

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဌေးအောင် မြန်မာ - အိန္ဒိယ ချစ်ကြည်ရေး ကားမောင်းခရီးစဉ် ယာဉ်တန်းအား တာလွှတ်

**နေပြည်တော် မတ် ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမနှင့် ရာဇသင်္ဂဟလမ်းဆုံအနီး၌ မြန်မာ-အိန္ဒိယချစ်ကြည်ရေးကားမောင်းခရီးစဉ် (Friendship Car Rally 2012) တာလွှတ်ခြင်း (Flag of) ကို ပြုလုပ်ပေးခဲ့သည်။

အဆိုပါခရီးစဉ် ယာဉ်တန်းသည် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် (ခ-၁၂၇၆)ဖြင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသော Bright View Travels & Tours Co., Ltd. ၏ စီစဉ်မှုဖြင့် မတ် ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ Guwahati မှ Inphal၊ ၁၂ ရက်တွင် Inphal မှ Manipur၊ ၁၃ ရက်တွင် Manipur မှ မြန်မာနိုင်ငံ ကလေးမြို့၊ ၁၄ ရက်တွင် ကလေးမြို့မှ မန္တလေးမြို့၊ ၁၅ ရက်တွင် မန္တလေးမြို့မှ နေပြည်တော်၊ ၁၆ ရက်တွင် နေပြည်တော်မှ ရန်ကုန်၊ ၁၇ ရက်တွင် ရန်ကုန်မြို့တွင်း၊ ၁၈ ရက်တွင် ရန်ကုန်မှ ပုဂံ၊ ၁၉ ရက်တွင် ပုဂံမှ မုံရွာ၊ ၂၀ ရက်တွင် မုံရွာမှကလေး၊ ၂၁ ရက်တွင် ကလေးမြို့မှ အိန္ဒိယနိုင်ငံ Inphal နှင့် မတ် ၂၂ ရက်တွင် Inphal မှ Guwahati ခရီးစဉ်အတိုင်း မောင်းနှင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ကားမောင်းခရီးစဉ်ယာဉ်တန်းအား တာလွှတ်ပေးကြစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဂျပန်နိုင်ငံ Marubeni Corporation အထွေထွေမန်နေဂျာနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၁၆**

ဂျပန်နိုင်ငံ Marubeni Corporation, Agricultural Product Department မှ အထွေထွေမန်နေဂျာ Mr. Hiroshi Mochizuki နှင့်အဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များအား မတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဓာတ်မြေဩဇာသွင်းအားစုများနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ ခေတ်မီသိုလှောင်မှု၊ ပြုပြင်ကြိတ်ခွဲမှုနှင့် တင်ပို့မှုဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ မြန်မာ့ဆန်ဖြူများ ဝယ်ယူရေးအစရှိသော ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမင်းသန်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာလှမြင့်က ပြည်သူ့ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး)ဒေါက်တာဌေးနောင်က ကုသရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ဥက္ကလာတွင် မီးလောင် နေအိမ် ၁၄ လုံးဆုံးရှုံး

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတ(၁)လမ်းတွင် ယနေ့ညဦးပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ယနေ့ည ၆ နာရီ ၂၅ မိနစ်အချိန်တွင် အခင်းဖြစ်အိမ်အမှတ်(၄၉၃/က)နေ (အဘ)ဦးသောင်း၏သား ဦးတင်ကိုကို၏ နေအိမ်မှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၀၈ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ မီးလောင်ကျွမ်းမှုကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

မီးလောင်ကျွမ်းရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်ယာဉ်၊ အုပ်ချုပ်မှုယာဉ် စုစုပေါင်း ၅၉ စီးဖြင့် မီးသတ်ရဲဘော်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

(၆၇၈)




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ခြေလျင်၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းအား တက်ရောက်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ခြေလျင်၊ အမြောက်နှင့် သံချပ်ကာ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း တက်ရောက်ကြည့်ရှု

နေပြည်တော် မတ် ၁၆

**တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းရည် မြင့်မားလာစေရန် ရည်ရွယ်၍ပြုလုပ်သော ခြေလျင်၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရှုရပ်ကုန်း၌ လေ့ကျင့်ခန်းတွင်ပါဝင်သည့် တာဝန်ရှိသူတစ်ဦးက လေ့ကျင့်ခန်းအကြောင်းအရာဖြစ်စဉ်နှင့် ပတ်သက်၍ သဲမြေပုံဖြင့် ရှင်းလင်းမှုအား ကြည့်ရှုသည်။

ထို့နောက် လေ့ကျင့်ခန်းအစီအစဉ်အရ ခြေလျင်နှင့်တင့်တပ်ဖွဲ့များသည် လေ့ကျင့်ခန်းနေရာ၏ ရှေ့တန်းစုရပ်မှ ခွဲလွှတ်ရပ်သို့ လည်းကောင်း၊ ယင်းမှ စီရပ်သို့ လည်းကောင်း ချီတက်၍ စီရပ်တွင် တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်မှုအား ဆောင်ရွက်ကြသည်။

ထိုကဲ့သို့ တပ်များရှေ့တန်းစုရပ်မှ စီရပ်နှင့်စမျဉ်းသို့ ချီတက်နေချိန်တွင် ပါဝင်လုပ်ဆောင်သည့် အမြောက်တပ်ဖွဲ့မှ ရန်သူပစ်မှတ်များအား ကြိုတင်ချေမှုန်း ပစ်ခတ်ခြင်းအား စတင်ဆောင်ရွက်ကြပြီး တိုက်ပွဲပုံစံ အဆင့်ဆင့်အတိုင်း ခြေလျင်နှင့်တင့်တပ်ဖွဲ့များကဖောက်ဝင်၍ ရန်သူကို ချေမှုန်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုအချိန်တွင် ရန်သူ၏ အမြောက်စခန်းနေရာနှင့် နောက်ပိုင်းလုံခြုံရေးအဖွဲ့များအား သရုပ်ပြ ကွန်မန်ဒိုတပ်စုနှင့် သံချပ်ကာတပ်စုတို့ ပူးပေါင်းစီးနင်းတိုက်ခိုက်ခြင်းနှင့် ရန်သူအား လွတ်ထွက်မသွားစေရန် ပိတ်ဆို့ခြင်းများအား ဆောင်ရွက်ကြပြီး လေ့ကျင့်ခန်း ပြီးဆုံးရပ်နားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင် ယခုလေ့ကျင့်ခန်းသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်များ၏ စွမ်းရည်မြှင့်တင်မှုတွင် အလွန်အရေးပါကြောင်း၊ တိုက်ပွဲသဘောသဘာဝကို သိရှိနိုင်ရန်အတွက် တိုက်ပွဲပုံသဏ္ဌာန်ပုံဖော်၍ သရုပ်ပြသခြင်းဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်းအား မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပုံဖော်ရန်လိုကြောင်းနှင့် မည်သည့်နေရာတွင်မဆို ကြိုတင်စီမံမှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတပ်ဖွဲ့၊ လက်နက်၊ ခဲယမ်းများအပေါ် ယုံကြည်မှုရှိရန်နှင့် အချိန်ကိုက်ညီမှု၊ ဟန်ချက်ညီမှုတို့အား စနစ်တကျ လေ့ကျင့်ရန်လိုကြောင်း၊ အဓိကအားဖြင့် ပါဝင်လုပ်ဆောင်ကြမည့် တပ်ဖွဲ့အသီးသီး အနေဖြင့် နေရာတိုင်းတွင် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား English Language Institute, China ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား English Language Institute, China ဥက္ကဋ္ဌ Mr.Timothy Davis နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နေပြည်တော် မတ် ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား English Language Institute, China ဥက္ကဋ္ဌ Mr. Timothy Davis နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာ ဆရာ ဆရာမများ အင်္ဂလိပ်စာ(Four Skills) ကျွမ်းကျင်မှုအတွက် လာရောက်ပို့ချပေးမည်ဆိုပါက ကြိုဆိုပါကြောင်းနှင့် လိုအပ်သည်များကို ကူညီပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)



**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာမူလတန်းကြိုကျောင်း၏ ၂၀၁၁-၂၀၁၂ ခုနှစ် ရင်သွေးရတနာတို့၏ အကပဒေသာဖျော်ဖြေပွဲတွင် ပါဝင်ကပြခဲ့ကြသည့် သားငယ်သမီးငယ်တို့အား လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က ဂုဏ်ပြုပန်းခြင်းလက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

# အခွန်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများထုတ်ပြန်

**နေပြည်တော် မတ် ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အခွန်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းများကို ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ရာ အမိန့်ကြော်ငြာစာ အမှတ် ၁၀၂/ ၂၀၁၂ ဖြင့် ဝင်ငွေခွန်နည်းဥပဒေများကို လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၁၂ ဖြင့် ဝင်ငွေခွန် စည်းမျဉ်းများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၁၂ ဖြင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများကို လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၂၀၁၂ ဖြင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို လည်းကောင်း အသီးသီးထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဝင်ငွေခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၇)ခု၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာ(၉)ခု၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာ အမိန့် ကြော်ငြာစာ(၁)ခုနှင့် ရုံးခွန်ဆိုင်ရာအမိန့်ကြော်ငြာစာ (၁)ခုတို့ကိုလည်း ယနေ့နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ယ နေ့**
**ဖတ် စ ရာ - မှတ် စ ရာ**

# အမှားကင်းမှ အချင်းလှမည်

'ပွဲမင်းလည်း ငွေမှား၊ ဆေးသမားလည်း သားသေ၊ ဗေဒင်သမားလည်း နွားပျောက်၊ ဆောက်သမားလည်း အထွင်းမကောင်း၊ စောင်းသမားလည်း တေးမပီ၊ ပန်းချီသမားလည်း ဟန်မရ'

ကြည့်ကန်ရှင်ကြီးရေးသားခဲ့သော 'မိဘက သားမောင် ကြာရှက်ထံပေး မေတ္တာစာ' လာအတိုင်း တစ်ခါတစ်ရံ၌ လွဲချော်တတ်သည်။ မှားယွင်းတတ်ပါသည်။

တစ်ခါတစ်ရံ လွဲချော်မှားယွင်းသည်များကို နားလည်ခွင့်လွှတ်နိုင်ကြပါသည်။ အထပ်ထပ်အခါခါ လွဲချော် မှားယွင်းသည်များကို မည်သူကမျှ သည်းခံခွင့်လွှတ်ကြမည်မဟုတ်ပါပေ။

တစ်ခါတစ်ရံ လွဲချော်မှားယွင်းခြင်းက မသိ၍ မှားသည်လည်းဖြစ်နိုင်သည်။ စေတနာအမှားဖြင့် မှားသည်လည်းဖြစ်နိုင်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ လွဲချော်မှားယွင်းခြင်းမျိုးကို နားလည်ခွင့်လွှတ်ပေးနိုင်ကြခြင်း ဖြစ်သည်။

အထပ်ထပ်အခါခါ လွဲချော်မှားယွင်းခြင်းသည် သိလျက်နှင့် ဇွတ်တိုးနေခြင်းဖြစ်သည်။ အမှားကို မွေ့လျော်နေခြင်းဖြစ်သည်။ အမှားကို မွေ့လျော်ပျော်ပိုက်နေသူကား လူမိုက်ဖြစ်ပေသည်။ လူမိုက်တို့သည်ကား အကျင့်စရိုက်လွဲချော်ဖောက်ပြန်နေသူဖြစ်သည်။ အကောက်ကြံချင်လှ၏။ မကောင်းမှု ဟူသမျှကိုလည်း ကျူးလွန်ရန် လက်ရဲဇက်ရဲရှိလှသည်။ ထိုသို့ လူစားလူမိုက်များကို ဘုရားကလည်း မကြိုက်၊ အများကလည်း မကြိုက် ရွံရှာမုန်းတီးကြ၏။ လူမိုက်တို့၏ အကျင့်စရိုက်ကို သည်းမခံနိုင်၊ ခွင့်မလွှတ်နိုင်သောကြောင့် ဝေးဝေးက ရှောင်ကြလေတော့သည်။

ဂယနဏ ဆန်းစစ်ကြည့်ပါက နည်းနည်းပဲမှားမှား၊ များများပဲမှားမှား၊ မသိ၍ပဲမှားမှား၊ သိ၍ပဲမှားမှား၊ အကောက်ကြံလို၍ပဲမှားမှား၊ ဖောက်ပြန်လို၍ပဲမှားမှား အမှားဟူသည်က မကောင်းလှပေ။ အမှားကို ကျူးလွန်မိခြင်းသည် မီးလောင်သည်နှင့် တူလှသည်။ မီးလောင်သည့်အခါ မီးကိုငြိမ်းသတ်ရသည်။ ငြိမ်းသတ်နိုင်သည့်တိုင်အောင် လောင်ကျွမ်းပြီးသမျှတို့က ပျက်စီးဆုံးရှုံးခဲ့ပြီး ဖြစ်ပေသည်။ မီးဘေးရှောင် မလောင်ခင်ကတားဆိုသည့် စကားနှင့်အညီ အမှားကို မကျူးလွန်မိအောင် ဆင်ခြင်ရှောင်ရှားနေကြရမည်ဖြစ်ပါသည်။

အမှားကင်းမှ အချင်းလှမည်ဖြစ်သည်။ အချင်းလှသူကား မွန်မြတ်လှပေ၏။ အချင်းလှသူသည် လောကီအတွက် ကောင်းကျိုးချမ်းသာကိုလည်း သယ်ပိုးဆောင်ရွက်နိုင်သည်။ လောကုတ္တရာကောင်းကျိုးချမ်းသာကိုလည်း သယ်ပိုးဆောင်ရွက်နိုင်သည်။ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်သယ်ပိုးနိုင်သူသည် ကောင်းကျိုးသုခကို မလွဲမသွေခံစားစံစားကြရမည်ဖြစ်ပေသည်။ အမှားကင်း၍ အချင်းလှသူ၏ တန်ဖိုးသည်ကား ကြီးမားလွန်းလှပေ၏။ ထို့ကြောင့် အမှားကင်း၍ အချင်းလှရန် အရေးကြီးလှပေသည်။

ချမ်းမြေ့ရိပ်သာဆရာတော်ဟောကြားခဲ့သည့် 'ဆင်းရဲငြိမ်းအေးချမ်းသာရေး' စာအုပ်ထဲ၌ အမှားကင်း၍ အချင်းလှစေမည့် ဆောင်ပုဒ်များကို ရှာဖွေတွေ့ရှိခဲ့ရပါသည်။ ဆရာတော် ဟောကြားခဲ့သည့် ဆောင်ပုဒ်များကို အမြဲတစေနှလုံးသွင်းထားပါက အမှားကင်း၍ အချင်းလှမည်မှာ သေချာသည်။ ထိုဆောင်ပုဒ်များမှာ-

**ကာယကံအပြုအတွက် ဆောင်ပုဒ်**

'ပြုမည်ကြံလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိမည်လဲ။
ထိခိုက်နိုင်ငြား အပြုများ မမှားရှောင်ကြဉ်ပါ။
ပြုဆဲမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိသလဲ။
ထိခိုက်နိုင်ငြား အပြုများ မမှားရှောင်ကြဉ်ပါ။
ပြုပြီးမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိပြီလဲ။
ထိခိုက်နိုင်ငြား အပြုများ မမှားရှောင်ကြဉ်ပါ။'

**ဝစီကံအပြောအတွက်ဆောင်ပုဒ်**

'ပြောမည်ကြံလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိမည်လဲ။
ထိခိုက်နိုင်ငြား အပြောများ မမှားရှောင်ကြဉ်ပါ။
ပြောဆဲမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိသလဲ။
ထိခိုက်နိုင်ငြား အပြောများ မမှားရှောင်ကြဉ်ပါ။
ပြောပြီးမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိပြီလဲ။
ထိခိုက်နိုင်ငြား အပြောများ မမှားရှောင်ကြဉ်ပါ။

**မနောကံအတွေးအတွက်ဆောင်ပုဒ်**

'တွေးမည်ကြံလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိမည်လဲ။
ထိခိုက်နိုင်ငြား အတွေးများ မမှားရှောင်ကြဉ်ပါ။
တွေးဆဲမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိသလဲ။
ထိခိုက်နိုင်ငြား အတွေးများ မမှားရှောင်ကြဉ်ပါ။
တွေးပြီးမှာလည်း သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူများထိပြီလဲ။
ထိခိုက်နိုင်ငြား အတွေးများ မမှားရှောင်ကြဉ်ပါ။'

ဟူ၍ ဖြစ်ပါသည်။

လူတိုင်းသည် အမှုကိစ္စများကို နိစ္စဓူဝပြုလုပ်နေကြရသည်။ ပြောဆိုနေကြရသည်။ တွေးတောကြံစည်နေကြရသည်။ အမှုကိစ္စများကို ဆောင်ရွက်ရာ၌ 'ကိုယ်၊ နှုတ်၊နှလုံး' တည်းဟူသော ကံသုံးပါးတို့က ဦးဆောင်ဦးရွက်ပြုနေရသည်။ အမှားကို ကျူးလွန်ရာ၌လည်း ကံသုံးပါးက ဦးဆောင်သည်။ အမှန်ကို ဆောင်ရွက်ရာ၌လည်း ကံသုံးပါးက ဦးဆောင်သည်။ ကံသုံးပါးနှင့် ပြုမူဆောင်ရွက်နေရသော အမှုကိစ္စအားလုံး၌ အမှားကင်းနေရမည်ဖြစ်ပါသည်။ အမှားကင်းစင်ရန်အတွက် ကံသုံးပါးနှင့် မပြုလုပ်မီမှာလည်း ဆင်ခြင်ရပေမည်။ ပြုဆဲမှာလည်း ဆင်ခြင်ရပေမည်။ ပြုပြီးသည့်နောက် ကောင်းကျိုးဆိုးပြစ်များကိုလည်း ဆင်ခြင်နေရဦးပေမည်။

ဆရာတော်ပေးထားခဲ့သည့် ဆောင်ပုဒ်များကို အစဉ်အမြဲနှလုံးသွင်းပြီး မိမိရော သူတစ်ပါးပါ နှစ်နာပျက်စီး ဆုံးရှုံးရမည့် အရေးကိစ္စဟူသမျှတို့ကို မပြုလုပ်မိအောင်ရှောင်ကြဉ်ရပေမည်။ မပြောဆိုမိအောင် ထိန်းသိမ်းကြရပေမည်။မတွေးတောမကြံစည်မိအောင် စောင့်စည်းကြရပေမည်။

သို့ဆိုလျှင် အမှားကင်း၍ အချင်းလှသူများဖြစ်မည်သာတည်း။ ။

**ရေနံ့သာမောင်ကျော်ညွှန့်**

# မကွေးမြို့ အောင်ရတနာရပ်ကွက် မြတ်လေးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့သော မကွေးမြို့ အောင်ရတနာရပ်ကွက် မြတ်လေးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၈ နာရီတွင် အဆိုပါ လမ်းသစ်၌ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်နှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မြတ်လေးလမ်းသစ်ကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၃ သိန်းနှင့် ပြည်သူများက ငွေကျပ် ၄၃ သိန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)



# ဂုဏပူဇာသဘင် ပူဇော်ပွဲကျင်းပ

**ညောင်လေးပင် မတ် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ၁၃၇၃ ခုနှစ်အတွက် ချီးမြှင့်တော်မူသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ကမ္ဘဌာန်းကျောင်း ပဓာန နယက၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန၊ ပါမောက္ခဌာနမှူး၊ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဂုဏပူဇာဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ် ၈ ရက် မွန်းတည့် ၁၂ နာရီက ညောင်လေးပင်မြို့ ကမ္ဘဌာန်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပ ခဲ့ကြောင်း သိရသည်။ (၅၆၈)

**ဂျပန်နိုင်ငံ Kyoto မြို့မှ Miyako Service Co., Ltd. ဥက္ကဋ္ဌ Mr. Y. Ueda က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ JMS အမျိုးအစား ချွဲစုပ်စက်တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

မီး မှန် သ မျှ သုံး တတ် က မု ချ မီး ဘေး စို့ ကင်း ဝေး မ သုံး တတ် က မီး ရန် က ဒု က္ခ ပေး လိမ့် မည်

# ရောဝတီနှင့် လက်ရှိချန်ပီယံရန်ကုန်တို့ ဂိုးပြတ်နိုင်ပွဲများရရှိ

ရန်ကုန် မတ် ၁၆

**MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၀)ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပသည်။**



**ရောဝတီအတွက် ဒုတိယဂိုးကို စိုင်းသန်းအောင် ခေါင်းတိုက်သွင်းယူနေစဉ်။**

**(သုဝဏ္ဏကွင်း)**
**ရောဝတီယူနိုက်တက်-လေးဂိုး**
(ဂျူပီတာ-နှစ်ဂိုး၊
နန္ဒလင်းကျော်ချစ်နှင့်စိုင်းသန်းအောင်)
**ရက္ခပူရယူနိုက်တက်-တစ်ဂိုး**
(နေဝင်း)

အကောင်းဆုံးပုံစံ ပြန်ရလာသည့် ရောဝတီယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း ရက္ခပူရကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သုံးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ မိနစ် ၂၀ တွင် နန္ဒလင်းကျော်ချစ်က ရောဝတီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း လေးမိနစ်အကြာတွင် ရက္ခပူရအတွက် ချေပဂိုးကို နေဝင်းက သွင်းယူပေးခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရောဝတီက ပွဲကို စိုးမိုးသွားခဲ့ပြီး ၃၅ မိနစ်တွင် စိုင်းသန်းအောင်၊ မိနစ် ၄၀ နှင့် ၅၁ မိနစ်တို့တွင် ဂျူပီတာတို့က အနိုင်ဂိုးများ သွင်းယူခဲ့ကြသည်။

**(အောင်ဆန်းကွင်း)**
**ရန်ကုန်ယူနိုက်တက်-ခြောက်ဂိုး**
(နီကိုလာ-သုံးဂိုး၊ မီလန်၊
ရန်အောင်ကျော်နှင့် ခင်မောင်လွင်)
**ဇွဲကပင်ယူနိုက်တက်-တစ်ဂိုး**
(စိုးကိုကိုထွန်း)

## သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးပြီး အဆင့် (၆) နေရာအထိ ဆင်းပေးခဲ့ရသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ဇွဲကပင်အသင်းကို ဂိုးဒါဇင်ဝက်သွင်းပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ တိုက်စစ်မှူး မီလန်က ၁၄ မိနစ်တွင် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး နောက်ခံလူ နီကိုလာက ခြေစွမ်းပြကာ ဟက်ထရစ် သွင်းယူခဲ့သည်။ ၃၄၊ ၄၃၊ ၇၆ မိနစ်တို့တွင် သွင်းယူခဲ့ပြီး ရန်ကုန်အတွက် နောက်ထပ်အနိုင်ဂိုးများကို ၅၇ မိနစ်တွင် ရန်အောင်ကျော်နှင့် ၇၃မိနစ်တွင် ခင်မောင်လွင်တို့က သွင်းယူခဲ့သည်။ ဇွဲကပင်အတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို မိနစ် ၆၀ တွင် စိုးကိုကိုထွန်းက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**
**(အောင်ဆန်းကွင်း)**
**မနောမြေ-ဇေယျာရွှေမြေ**
**(သုဝဏ္ဏကွင်း)**
**မကွေး-နေပြည်တော်**





ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

**"အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂"**

**၂၀၁၂ ခုနှစ်၊ မတ်လ (၂၂) ရက်မှ (၃၁) ရက်အထိ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသည်။

**အသက် (၉) လမှ (၅) နှစ်အတွင်း** ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

အင်တာနက် စိုက်ပျိုးရေးသိပ္ပံသတင်း — ဘာသာပြန်-တက်လူ

# မိုးခေါင်မှုဒဏ်ခံနိုင်သော ဖရဲသီးစိုက်ပျိုးထုတ်လုပ်နိုင်ရန် သုတေသနပြု

**ဝါရှင်တန် မတ် ၁၆**

မိုးခေါင်မှုဒဏ်ခံနိုင်သော ဖရဲသီးများနှင့် သစ်သီးဝလံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ လယ်ယာစိုက်ပျိုးရေးသိပ္ပံပညာရှင်များက သုတေသနပြုလေ့လာလျက်ရှိကြကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

မိုးခေါင်မှုဒဏ်ကို ခံနိုင်သော ဖရဲမျိုးများနှင့် သစ်သီးဝလံမျိုးများကို ဖော်ထုတ်နိုင်ရန် မိမိတို့လေ့လာလျက်ရှိကြကြောင်း တက္ကဆက်စိုက်ပျိုးရေးသိပ္ပံမှ သိပ္ပံပညာရှင် ဒေါက်တာဒန်နီယယ်လက်စကိုဗာက ပြောကြားသည်။

မိုးခေါင်မှုဒဏ်ခံနိုင်သော ဖရဲမျိုးများထုတ်လုပ်ရာတွင် စားသုံးသူပြည်သူများအကြိုက် ကြန်အင်လက္ခဏာများ ပါရှိစေရန် တီထွင်ဖော်ထုတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖရဲသီး၏ အရွယ်အစား၊ အသွေးအရောင်၊ သကြားဓာတ်ပါဝင်မှုစသည့် စံနှုန်းများအရ ပြည်သူတို့နှစ်ခြိုက်မှုရရှိစေရန် သုတေသနပြုလုပ်မည်ဖြစ်သည်။

ယနေ့ကာလတွင် မိုးခေါင်မှုပြဿနာကို ရင်ဆိုင်လာရချိန်တွင် မိုးခေါင်မှုဒဏ်ခံနိုင်သော သစ်သီးဝလံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်လာသည်။

တက္ကဆက်ပြည်နယ် အူဗာဒီမြို့ရှိ သုတေသနဌာန၌ ပြည်တွင်းဖရဲသီးများအပြင် စပိန်နှင့် အီတလီဖရဲမျိုးများကိုလည်း စမ်းသပ်စိုက်ပျိုးကာ သုတေသနပြုလေ့လာလျက်ရှိသည်။**(အောက်ပုံ)**

တက္ကဆက်ပြည်နယ်၌ လွန်ခဲ့သည့်စိုက်ပျိုးရေးရာသီက မိုးခေါင်မှုကြောင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့ရသည်။ ***အင်တာနက်။***



နိုင်ငံတကာအားကစားသတင်းများ

# စာချုပ်သစ်ထပ်မံချုပ်ဆိုရေးကိစ္စနှင့် ပတ်သက်၍ ဘာစီလိုနာနှင့် ဂွါဒီယိုလာတို့ စတင်ဆွေးနွေး

**ဘာစီလိုနာ မတ် ၁၆**

ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို တစ်နှစ်ထပ်မံကိုင်တွယ်ရန် ရည်ရွယ်၍ အသင်းတာဝန်ရှိသူများနှင့် စတင်ဆွေးနွေးမှုပြုလုပ်နေပြီဖြစ်ကြောင်း စပိန်သတင်းစာ မာကာက ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းသည် ချယ်လ်ဆီးနည်းပြ အန်ဒရီဗေးလတ်စ်ဘိုစ်ကို ရာထူးမှ ထုတ်ပယ်ပြီးနောက် ဂွါဒီယိုလာကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူပြီး ချယ်လ်ဆီးနည်းပြသစ်အဖြစ် ခန့်အပ်ရန် ရည်ရွယ်နေကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က ထုတ်ဖော်ပြောကြားပြီးနောက် မကြာခင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အသက် (၄၁)နှစ်အရွယ် ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို အမှတ်ပေးဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ စပိန်ဖလားတစ်ကြိမ်၊ စပိန်စူပါဖလား သုံးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားနှစ်ကြိမ်နှင့် ဖီဖာကမ္ဘာ့ကလပ်ဖလား နှစ်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားသည်။

ယင်းအတွက်ကြောင့် ဘာစီလိုနာအသင်းက ချယ်လ်ဆီး၏ရန်မှ ရှောင်ရှားနိုင်ရန်အတွက် ဂွါဒီယိုလာနှင့် စာချုပ်သစ်အမြန် ချုပ်ဆိုလိုနေပြီး ၎င်းကိုယ်တိုင်ကလည်း အသင်းတွင် နောက်ထပ်တစ်ရာသီ ထပ်မံနေရန် ဆန္ဒရှိနေသည့်အပြင် အသင်းသားများကလည်း ၎င်းကို



အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဆန္ဒရှိနေကြသည်။

စပိန်သတင်းစာ မာကာ၏ အဆိုအရ ဂွါဒီယိုလာနှင့် ၎င်း၏ လက်ထောက်နည်းပြ ဗီလန်နိုဗာတို့မှာ တစ်နှစ် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဆွေးနွေးနေကြပြီဖြစ်ကြောင်း သိရသည်။

***အင်တာနက်။***

# ဗန်ပါစီ၊ ရွန်းနီနှင့် အဂူရိုတို့သာ ပရီမီယာလိဂ်၏ အကောင်းဆုံးကစားသမားများဟု မက်ဆီပြောကြား



**ဘာစီလိုနာ မတ် ၁၆**

ဘာစီလိုနာစတား လီယွန်နယ်မက်ဆီက ဗန်ပါစီ၊ ရွန်းနီနှင့် အဂူရိုတို့မှာ ပရီမီယာလိဂ် ကစားသမားများအနက် အကောင်းဆုံး ကစားသမားသုံးဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပရီမီယာလိဂ်တွင် အရည်အချင်းရှိသည့် ကစားသမားများ အများအပြားရှိကြောင်း၊ သို့သော် ၎င်းတို့ သုံးဦး၏ စွမ်းဆောင်ရည်ကို တုပနိုင်မည့်သူမရှိသေးကြောင်း၊ ၎င်းတို့သည် အခက်အခဲ အကျပ်အတည်းများကြားမှ ရုန်းကန်ရာတွင် အထူးကောင်းမွန်ကြောင်း၊ မိမိ၏ ကစားပုံ ကောင်းမွန်သည်ဆိုသည်မှာ အသင်းသားများ၏ ပံ့ပိုးမှုကောင်းမွန်၍သာဖြစ်ကြောင်း၊ ဇာဗီ၊ အင်နီယေစတာ၊ ဖာဘရီဂတ်စ်တို့၏ ပံ့ပိုးမှုကြောင့် ဂိုးသွင်းခွင့် ရရှိနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မက်ဆီသည် ယခုနှစ်ဘောလုံးရာသီအတွင်း ဘာစီလိုနာအသင်းအတွက် ၄၄ ပွဲ ပါဝင်ကစားပြီး ဂိုး ၅၀ အထိ သွင်းယူထားနိုင်ခဲ့သည်။ ***အင်တာနက်။***

**ဟိန်းထက်လင်း**

**ပြည်သူ့ထံမှပေးစာများ**

## ဝက်မွေးခြံမှ အနံ့အသက်ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အောင်မိတ်ဆွေလမ်း နေအိမ်တစ်အိမ်မှ ဝက်မွေးထား၍ ဝက်ခြံမှ ဝက်ချေးနံ့၊ အစာအချဉ်ပုပ်နံ့များ မခံမရပ်နိုင်အောင် နံစော်၍ ပတ်ဝန်းကျင်နေအိမ်များမှ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(အနံ့မခံနိုင်သူ လမ်းသူ လမ်းသားများ)**

## ကျူးကျော်တဲများ ရှင်းလင်းစေလို

**စာတည်းရှင့်-**

မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် ဝဇီယာ(၆)လမ်းထိပ် မြစန္ဒာကန်အနီးတွင် ကျူးကျော်တဲများ ဆောက်လုပ်နေထိုင်ပြီး နေအိမ်ပတ်ဝန်းကျင်တွင် စည်းကမ်းမဲ့စွာ အမှိုက်များစွန့်ပစ်ခြင်း၊ အိမ်သာနောက်ဖေးစွန့်ခြင်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါသဖြင့် ၎င်းကျူးကျော်နေအိမ်များကို သက်ဆိုင်ရာမှ အမြန်ဖျက်သိမ်းဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

**(ဝဇီယာ(၆)လမ်းသူ)**

## ဈေးဆိုင်ခန်းတွဲ တိုးချဲ့ဆောက်လုပ်ထား၍ ရှင်းလင်းစေချင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အင်းဝင် (၁၁)လမ်းနှင့် ဆံတော်တွင်းလမ်းမကြီး လမ်းဆုံထောင့်တွင် တည်ရှိသော နေအိမ်မှ ဈေးဆိုင်ခန်းတွဲ တိုးချဲ့ဆောက်လုပ်ရာ လမ်းဘေးရေမြောင်းပိတ်ဆို့ပြီး စည်ပင်မြေ ၁၀ ပေခန့်ကို ကျူးကျော်ထားပါသည်။ ထိုသို့ ကျူးကျော်ပိတ်ဆို့ ဆောက်လုပ်ခြင်းကြောင့် မိုးရာသီတွင် ရေစီးရေလာပိတ်ဆို့မည့်အရေးကို စိုးရိမ်ရပါသဖြင့် အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(လမ်းသူလမ်းသားများ)**

**အနံ့ဆိုးကင်းရေး ဆောင်ရွက်ပေးပြီး**

၂၆-၁၂-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကမ္ဘောဇရပ်ကွက်မှ ရပ်ကွက်အတွင်းရှိ အမဲဒိုင်ဖယ်ရှားစေလိုပေးစာနှင့်စပ်လျဉ်း၍ စနစ်တကျ စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ကျောက်တံခါးမြို့နယ်စည်ပင်**

# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၆**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၁၂ ခုနှစ် ပထမအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးရ ဆရာတော်ကြီးများ ထပ်ဆင့်ပူဇော်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ခရမ်းမြို့နယ်နှင့် ရန်ကုန်မြို့ရောက် ခရမ်းသူ၊ ခရမ်းသားများ၏ သားသမီးများထဲမှ ၂၀၁၁ ခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် ထူးချွန်လူပုဂ္ဂိုလ်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိန်းထန်ကျေးရွာအုပ်စု မိုင်းတင်ဘုန်းတော်ကြီးကျောင်း၌ မိုးပွင့်အဆင့် (၂) စီမံချက်အရ အသက်(၁၀/၁၈)နှစ်ပြည့်သူများအား ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံး ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးပြီး လားရှိုးမြို့နယ်ဦးစီးမှူး ဦးလှဌေးနိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၅ ကတ်ကို တစ်ဦးချင်းထံ ပေးအပ်စဉ်။**

(ကိုပွား)

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်နှင့်မင်းဘူး
၄၂ ဒီဂရီစင်တီဂရိတ်စီ

နေပြည်တော်(ရေဆင်း)
မိတ္ထီလာ၊ ညောင်ဦး၊
မကွေး၊ တောင်တွင်းကြီး၊
ပြည်၊ ဆင်ဖြူကျွန်း
၄၀ ဒီဂရီစင်တီဂရိတ်စီ

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပ

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး

နေပြည်တော် မတ် ၁၆

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၀၈)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်တင်ပြခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံတကာ ပါလီမန်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union-IPU)သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးကိစ္စ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ မြန်မာနိုင်ငံပါလီမန်အဖွဲ့ဖွဲ့စည်းရန်တင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြောကြားမည့် မိန့်ခွန်းတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက က **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၁၂ ပြည်ထောင်စုလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေးတွင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းခဲ့ကြောင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းသည် အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်ညီညွတ်ခြင်း မရှိကြောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက် တင်ပြလာသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ဦးစီးအဖွဲ့မှထည့်ထားခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် အသုံးစရိတ်ထည့်ထားခြင်းတို့ကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်သည်။



**ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းကဏ္ဍတွင်** ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက **ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန လုပ်ငန်း(၂)ခု၏** စာမျက်နှာ ၃ ကော်လံ ၃ သို့

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပ

# အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးဆိုင်ရာအဆိုကို လွှတ်တော်ကသဘောတူညီ

နေပြည်တော် မတ် ၁၆

**ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၂၄)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား အငြင်းပွားလျက်ရှိသည့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး (ITLOS) က မတ်လ ၁၄ ရက်နေ့တွင် အပြီးသတ် စီရင်ချက်ဆုံးဖြတ်ချမှတ်ခဲ့သည့် အချက်အလက်များနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအား ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးတွင် အဆို(၁)ခုအတည်ပြုခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

**အဆိုအတည်ပြုခြင်းကဏ္ဍ**တွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေ (Anti-Corruption Law) အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဌာန်းပြီးနောက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေး"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

**ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍ**တွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အပိုဒ်၊ အပိုဒ်ခွဲအလိုက် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)